ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၃ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၃/၂၀၂၃)

| | |
|---|---|
| ဦးအောင်သန့်ဇင် အလုပ်သမား<br>အမှတ် (၂၇၀)၊ ရန်အောင်(၆)လမ်း၊ (၂)ရပ်ကွက်၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်မူမူသန်းခိုင် (အလုပ်ရှင်)<br>Dori Pet Spa<br>သုဝဏ္ဏ-၂၉ ရပ်ကွက်၊ အမှတ်(၉၃/F)၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ-၂၉ ရပ်ကွက်၊ အမှတ် (၉၃/F)ရှိ Dori Pet Spa အလုပ်ရှင် ဒေါ်မူမူသန်းခိုင် နှင့် အလုပ်သမား ဦးအောင်သန့်ဇင် တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို သင်္ဃန်းကျွန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အဆိုပါအမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်။** (၁) အလုပ်သမား ဦးအောင်သန့်ဇင်အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။

(၂) Dori Pet Spa Page မှ puppy (ခွေးလေး) သေဆုံးမှုနှင့် ပတ်သက်သည့် သတင်းအား ပယ်ဖျက်ပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** (၁) အလုပ်ရှင်က အလုပ်သမား ဦးအောင်သန့်ဇင်အား အလုပ်ပြန်လည် ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

(၂) Dori Pet Spa Pageမှ puppy (ခွေးလေး) သေဆုံးမှုနှင့် ပတ်သက်သည့် သတင်းအား ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား ပယ်ကြောင်း ဆုံးဖြတ်သည်။

၃။ အထက်ပါဆုံးဖြတ်ချက်ကို အလုပ်သမား ဦးအောင်သန့်ဇင်မှ ကျေနပ်မှုမရှိ၍ ၂-၁၁-၂၀၂၃ ရက်နေ့တွင် ခုံသမာဓိကောင်စီထံသို့ အမှုနှင့်ပတ်သက်သည့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြင်ဆင်ချမှတ်ပေးပါရန်လျှောက်ထားလာသည့်အတွက် ခုံသမာဓိကောင်စီ အမှုအမှတ် (၁၃/၂၀၂၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ ဦးသန်းမောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးမောင်မောင်အေး (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ဝင်များအား ရုံးအမိန့်စာအမှတ် (၁၆၉/၂၀၂၃)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအမှုတွဲကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ၈-၁၁-၂၀၂၃ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ယခုအငြင်းပွားမှုစစ်ဆေးရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၂၃(က)အရ **"သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"** ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ၈-၁၁-၂၀၂၃ ရက်နေ့တွင် အမှုကို စစ်ဆေးခဲ့ကြပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပီပြင်ခိုင်မာစေရေးအတွက် အမှုနှင့်သက်ဆိုင်သော သက်သေခံချက်များ၊ ထွက်ဆိုချက်များ၊ အထောက်အထားစာရွက်စာတမ်းများ၊ CCTV မှတ်တမ်းများကို လိုအပ်သလို စစ်ဆေးပြီး မှန်ကန်သော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် အငြင်းပွားမှုများ ပြေငြိမ်းစေရေးတို့ကို ရှုထောင့်

အသီးသီးမှလေ့လာ၍ ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်ရန် အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲခဲ့ပါသည်။

**ကောက်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၀/၂၀၂၃)အမှုတွဲပါ ၃၁-၁၀-၂၀၂၃ နေ့စွဲဖြင့် ဆုံးဖြတ်ချက်အပေါ် အလုပ်သမား ဦးအောင်သန့်ဇင်မှ ကျေနပ်မှုမရှိ၍ ပြန်လည်ပြင်ဆင်ဆုံးဖြတ်ပေးရန် သင့်/မသင့်။

**<u>အမှုဖြစ်ပေါ်လာပုံ</u>**

၆။ ယခုအငြင်းပွားမှုဖြစ်စဉ်သည် Dori Pet Spa (ပိုင်ရှင်) ဒေါ်မူမူသန်းခိုင်နှင့် အလုပ်သမား ဦးအောင်သန့်ဇင် တို့အကြား ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုပြဿနာသည် ၁၀-၉-၂၀၂၃ ရက်နေ့တွင် နာမည်ကျော် အဆိုတော် ချမ်းမြေ့မောင်ချို့မှ တန်ဖိုးကြီး Pom အမျိုးအစား အလှမွေးခွေးငယ်အား Spa ပြုလုပ်ရန် အပ်နှံခဲ့ရာ Spa ပြုလုပ်စဉ်အတွင်း သေဆုံးသွားသည့်အတွက် CCTV မှတ်တမ်းကို ကြည့်ရှုစစ်ဆေးရာတွင် ဦးအောင်သန့်ဇင်က သေဆုံးသွားသည့် ခွေးငယ်၏ နှာခေါင်းအား ၎င်း၏ လက်ချောင်းဖြင့် တောက်နေသည်ကို တွေ့ရှိရ၍ ၎င်းအနေဖြင့် တာဝန်ရှိသည်ဟု သတ်မှတ်ပြီး ခွေးပိုင်ရှင်က စွပ်စွဲကာ Facebook တွင် Post တင်ရာမှ ဦးအောင်သန့်ဇင်သည် အလုပ်ထုတ်ပယ်ရပ်နားမှုအပေါ် ကျေနပ်မှုမရှိကြောင်းနှင့် အလုပ်ပြန်လည်ခန့်ထားပေးရန် ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် Facebook Page မှ Video နှင့် စာများအား ပယ်ဖျက်ပေးရန် တိုင်ကြားလာခြင်းအပေါ် သက်ဆိုင်ရာ သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းပေးသော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ထံသို့ ဆက်လက်လွှဲပြောင်းဆောင်ရွက်ခဲ့သည့် အငြင်းပွားမှုဖြစ်ပါသည်။ ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် အလုပ်ရှင်က အလုပ်သမား ဦးအောင်သန့်ဇင်အား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်းနှင့် Dori Pet Spa Page မှ Puppy (ခွေးလေး) သေဆုံးမှုနှင့်ပတ်သက်သည့် သတင်းအား ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား ပယ်ကြောင်းဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။

**စစ်ဆေးတွေ့ရှိချက်**

၇။ အလုပ်သမား ဦးအောင်သန့်ဇင်သည် အမွေးညှပ်လုပ်ငန်းကို လုပ်ကိုင်ရပြီး အမွေးညှပ်ဝန်ထမ်းအဖြစ် ခန့်ထားခြင်းဖြစ်သည်။ ဦးအောင်သန့်ဇင်သည် ၎င်းကိုယ်ပိုင် Khuu Khuu Pet Spa ထူထောင်ထားပြီး ဦးစွမ်းထက်ညီညီ၊ ကောင်းခန့်နှင့် ရှမ်းလေးတို့အား သင်တန်းတက်ရောက်ဖူးသူများဖြစ်၍ အလုပ်သမား ဦးအောင်သန့်ဇင်သည် ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ အချင်းဖြစ်ပွားသည့် Spa လုပ်ဆောင်သည့် Puppy (ခွေးလေး)သည် ရေချိုးအခြောက်ခံပြီး အပြင်သို့ ထွက်လာချိန်တွင် လျှာများပြာနှမ်းပြီး ခေါင်းမထောင်နိုင်တော့၍ သက်ဆိုင်ရာ ပိုင်ရှင်ထံသို့ အကြောင်းကြားခြင်း၊ မိတ္တ(တိရစ္ဆာန်) ဆေးခန်းသို့ အရေးပေါ်ပို့ဆောင်ကုသခဲ့သော်လည်း သေဆုံးခဲ့သဖြင့် ခွေးပိုင်ရှင်က CCTV ကို ကြည့်၍ လုပ်ဆောင်ချက်သိရှိနိုင်ရန် အလုပ်ရှင်မှ ပြသခဲ့ရကြောင်းနှင့် ဆိုင်၏ CCTV မှတ်တမ်းအရ Spa ပြုလုပ်နေစဉ် Puppy (ခွေးလေး)၏ နှာခေါင်းအား ဦးအောင်သန့်ဇင် တောက်ခြင်းပြုလုပ်နေပါကြောင်း၊ နောက်ကိုလှည့်ကြည့်ပြီးမှ ပြုလုပ်ခြင်းများကို CCTV မှတ်တမ်းကြည့်မှသာ သိရှိခဲ့ရသဖြင့် Puppy (ခွေးလေး) ပိုင်ရှင်မှ ဦးအောင်သန့်ဇင်အား ခေါ်ပေးပါရန် တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်သည် ၎င်း၏ ဝန်ထမ်းအား ကာကွယ်သည့်အနေဖြင့် ဆိုင်မှ အစစအရာရာ တာဝန်ယူမည်ဟု ပြောကြားခဲ့ပါသည်။ ယင်းနေ့ (၁၅:၀၀) နာရီအချိန်တွင် ဆိုင်ပိုင်ရှင်မှ ၎င်းအား အလုပ်ထုတ်ခြင်းမရှိဘဲ မလာတော့ဘူးဟု တစ်ခြားသူတစ်ဦးအား ပြောဆိုကာ လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ Puppy (ခွေးလေး) ပိုင်ရှင်မှလည်း CCTV မှတ်တမ်းများကို ယူဆောင်သွားပါကြောင်း၊ ထိုCCTV မှတ်တမ်းအရ ဦးအောင်သန့်ဇင်သည် ခွေးလေး၏ နှာခေါင်းအား လက်ဖြင့်တောက်နေသည့်ပုံကို Facebook တွင် တင်ခဲ့သောကြောင့် သတင်းပျံ့နှံ့သွားခဲ့ပါသည်။

**သုံးသပ်ချက်**

၈။ ယခုအငြင်းပွားမှုဖြစ်စဉ်သည် ၁၁-၉-၂၀၂၃ ရက်နေ့တွင် ညနေ (၁၆:၅၀)အချိန်တွင် CCTV အစအဆုံးဖော်ပြချက်နှင့်အတူ အလုပ်ရပ်စဲရသည့်အကြောင်းတို့ကို ကာယကံရှင်၊ ခွေးပိုင်ရှင်နှင့် အများပြည်သူတို့ ကျေနပ်မှုရှိစေရန် အလုပ်ရှင် ဒေါ်မူမူသန်းခိုင်၏ Spa လုပ်ငန်း တည်တံ့စေရန်နှင့် Customer များ၏ ယုံကြည်မှုရှိစေရန် နာမည်မဖော်ပြဘဲ Facebook တွင် တင်ပြခဲ့ကြောင်း၊ အလုပ်ပိုင်ရှင်မှလည်း လုပ်ငန်းခွင်မှ ထွက်ခွာသွားသူ ဦးအောင်သန့်ဇင်အား ပြန်လည်ဆက်သွယ်

ခြင်း မပြုတော့ပါကြောင်း၊ ဦးအောင်သန့်ဇင်အနေဖြင့်လည်း ၎င်းသဘောနှင့်၎င်း လုပ်ငန်းခွင်သို့ မလာရောက်ခြင်းဖြစ်သည်။ အလုပ်ရှင် ဒေါ်မူမူသန်းခိုင်၏ Dori Pet Spa သည် ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်သာဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်ငယ်များကို စောင့်ရှောက်ရသည့် လုပ်ငန်းဖြစ်၍ လုပ်သား (၄)ဦးဖြင့် လည်ပတ်လျှက်ရှိပြီး အလုပ်ရှင်သည် လုပ်ငန်းခွင်တည်မြဲရေးကိုလည်း အခြားသောလုပ်သားတို့၏ ဘဝဖူလုံရေးနှင့် လုပ်ငန်းခွင်တည်မြဲရေးတို့ကိုလည်း ဂရုပြု ဆောင်ရွက် ရပါကြောင်း၊ Customer များ၏ ယုံကြည်စိတ်ချမှုကို မရရှိပါက ဝန်ဆောင်မှုလုပ်ငန်း ပျက်ပြားသွား နိုင်ပါကြောင်း၊ နုနယ်လှသည့် အိမ်မွေးတိရစ္ဆာန်ငယ်လေးများကို နာကျင်ပျက်စီးစေမည့် နှာခေါင်း ကို လက်ဖြင့်တောက်ခြင်းများကို ရှောင်ရှားရန် လိုအပ်ပါကြောင်း သိရှိရပါ၍ အလုပ်သမား ဦးအောင်သန့်ဇင်၏ သဘောဆန္ဒအရ လုပ်ငန်းခွင်မှ ထွက်ခွာသွားခြင်းသည် သင့်လျော်သည့် ဖြေရှင်းချက်တစ်ရပ်ဖြစ်ပြီး တည်ဆဲအလုပ်သမားဥပဒေများအရ အလုပ်ရှင်အနေဖြင့် အလုပ်မှ ၎င်းအား ရပ်စဲခဲ့ကြောင်း တစ်စုံတစ်ရာ ခိုင်မာသော သက်သေခံချက်များ တင်ပြနိုင်ခြင်းမရှိ၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် မဖြစ်နိုင်တော့ကြောင်းနှင့် သတင်းပျံ့နှံ့မှုရှိသွားခဲ့၍ ၎င်းအား မူလနေရာတွင် ဆက်လက်တာဝန်ပေးရန် မဖြစ်နိုင်တော့ကြောင်း သုံးသပ်ပါသည်။ Puppy (ခွေးလေး)၏ နှာခေါင်းအား(၅)ကြိမ်တိုင်တိုင် ကျွမ်းကျင်ဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးအောင်သန့်ဇင်မှ လက်ဖြင့်တောက်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရခြင်းအပေါ် သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက် တာဝန်ရှိသည်ဟုလည်းကောင်း သံသယမကင်းနိုင်သော လုပ်ရပ်ဖြစ်သည်ဟု သုံးသပ်ပါသည်။

၉။ အလုပ်ရှင် ဒေါ်မူမူသန်းခိုင်အနေဖြင့် ၎င်း၏စီးပွားရေးလုပ်ငန်းဖြစ်သည့် ဝန်ဆောင်မှုလုပ်ငန်းအပေါ် မှားယွင်းသော သတင်းနှင့် လုပ်ငန်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ရပ်များကို ရှောင်ရှားကာကွယ်ရန်အတွက် ၎င်း၏ သဘောအလျောက် တင်ပြခြင်းကို မိမိတို့ခုံအဖွဲ့အနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ တားဆီးပယ်ဖျက်စေရန် အမိန့်/ဆုံးဖြတ်ချက် ချမှတ်ပေးရန် တာဝန်မရှိပါကြောင်း ရှင်းလင်းသိစေအပ်ပါသည်။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင် ဒေါ်မူမူသန်းခိုင်နှင့် အလုပ်သမား ဦးအောင်သန့်ဇင်တို့၏ ထူးခြားဆန်းပြားသည့် ဖြစ်စဉ်အပေါ် မျှတစွာ သုံးသပ်ခဲ့ပြီးနောက် အောက်ပါအတိုင်း ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

**ဆုံးဖြတ်ချက်။**

(၁) အလုပ်သမား ဦးအောင်သန့်ဇင်သည် ၎င်း၏ သဘောဆန္ဒအလျောက် လုပ်ငန်းခွင်မှ ထွက်ခွာသွားခဲ့သည်ဖြစ်၍ အလုပ်ရှင်သည် အလုပ်သမား ဦးအောင်သန့်ဇင်အား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

(၂) Dori Pet Spa Page မှ Facebook တွင် လွှင့်တင်ထားချက်များအား မိမိတို့ ခုံအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ အမိန့်/ဆုံးဖြတ်ချက် ချမှတ်ပေးရန် တာဝန်မရှိကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးသောင်းစိန် | ဦးမောင်မောင်အေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |